

# ငြိမ်းချမ်းရေး

အရှင်ဉာဏိက

ငြိမ်းချမ်းစွာ မိမိတို့သဘောထားများကို ဖော်ထုတ်ပြသကြတဲ့ နောင်တော်ညီတော်များကို မြင်ရကြားရတော့ ငြိမ်းချမ်းရေးဆိုတဲ့ အကြောင်းကို စဉ်းစားမိပါတယ်။ ဟိုနေရာကနေ စီကနဲ အသံထွက်လာလိုက်၊ ဒီနေရာကနေ ညံကနဲ အသံထွက်လာလိုက်နဲ့ တထိတ်ထိတ်တလန့်လန့် ဖြစ်နေရတဲ့ ဒီနေ့ခေတ်မှာ လုံခြုံမှုအပြည့်အဝပေးနိုင်တဲ့ နေရာဆိုတာ မရှိနိုင်လောက်အောင်ပါ။ ဘယ်နေရာဘယ်ဒေသဟာဖြင့် စိတ်ချလုံခြုံတဲ့နေရာပါလို့ ပြောစရာနေရာ ကမ္ဘာ့အစိတ်အပိုင်း ဘယ်နေရာမှာမှ မရှိနိုင်တော့ ပါဘူး။ အကြမ်းဖက်သမားတွေ၊ မတရားစိုးမိုးအုပ်ချုပ်မှုတွေ၊ လူရမ်းကားတွေ ရန်ကနေ ကင်းလွတ်ရာအရပ်ဆိုတာ မရှိနိုင် တော့ပါဘူး။ ဂလိုဘယ်လိုက်ဇေးရှင်းဆိုတဲ့ခေတ်ကြီးမှာ စီးပွါးရေး ပူးပေါင်းလုပ်ကိုင်မှုတွေ၊ ဆက်သွယ်ရေးကူးလူးယှက်နွယ်မှု တွေ၊ နည်းပညာ ဖြန့်ကားကျယ်ပြန့်လာမှုတွေသာမက ပြဿနာတွေပါ ကမ္ဘာအဝှမ်း လွှမ်းခြုံဖြန့်ကျက်လာတာကို တွေ့နေရ ပါတယ်။ ကမ္ဘာ့အရှေ့ခြမ်းက ဖြစ်စဉ်တစ်ခုကို စက္ကန့်ပိုင်းအတွင်း အနောက်ဖျားကမ္ဘာက သိမြင်နိုင်တဲ့ခေတ်ပါ။ ဒါတင်မက ဒီနေ့ ကမ္ဘာ့အရှေ့ဖျားက ပြဿနာဟာ နောက်နေ့မှာ ကမ္ဘာ့အနောက်ခြမ်းကိုလည်း ဆိုက်ရောက်လို့လာနိုင်ပါတယ်။

သို့ပေမယ့် တကယ့်အခြေအနေမှန်ကို လျစ်လျူရှုနေကြသူတွေ၊ မျက်ကွယ်ပြုနေကြသူတွေကလည်း အများသားပါ။ တတိုင်း တပြည် ၊လူမျိုးတစ်မျိုး၊ ဆွေမျိုးတစ်စု ကောင်းစားပြည့်ဝရုံနဲ့ လုံခြုံစိတ်ချရပြီရယ်လို့ မိုက်မဲစွာ ယုံကြည်နေသူတွေကလည်း ဒီ နေ့ကမ္ဘာမှာ အများသားပါပဲ။ ဒီလိုသူတွေထဲမှာ ကမ္ဘာ့ရဲ့ မဟာခေါင်းဆောင်ဆိုသူကြီးတွေ ပါဝင်နေတာကတော့ အံ့ဩစရာပါ။ မသိလို့ ပါတာတော့ မဖြစ်နိုင်တာမို့ "သိလျက်နဲ့ပင် ဝိပါက်ကယ် ကြမ္မာငင်ပေသမို့"လို့ပဲ ဆိုရမလိုပါ။ သူ့ပြဿနာ သူ့ဟာသူ ဖြစ်နေတာ ငါကအနေသာကြီးပါဆိုသူတွေကိုလည်း တွေ့မြင်နေရပါတယ်။ ကိုယ့်အိမ်ကိုယ့်ယာလေး ခြံစည်းရိုးအလုံ ကာထားရုံ မျှနဲ့ လုံခြုံစိတ်ချစွာ အိပ်နေလို့ရပြီလို့ ယူဆမယ်ဆိုလျှင်တော့ ကိုယ့်အသိဉာဏ်က ဂလိုဘယ်လိုက်ဇ် မဖြစ်ပဲ ကုန်သွယ်ရေးမှာ သုံးလေ့ရှိတဲ့ သူ့ရဲ့ဆန့်ကျင်ဘက် protectionism(ကိုယ်ကျိုးစီးပွါး ကာကွယ်ရေးသဘောတရား၊ကန့်သတ်မှု သဘောတရား) သာဖြစ်လေမှာပါ။ ဒီလိုဆိုလျှင်တော့ တကယ့်လက်ရှိအခြေအနေကနေ သွေဖီနေသူ၊ အသိဉာဏ်နဲ့ အတွေးအခေါ် နောက်ကျ ကာ ကျန်နေရစ်သူသာဖြစ်မှာပါ။ တကယ့်အခြေအနေမှန်နဲ့ အံဝင်ခွင်ကျ မဖြစ်တော့ဘူးဆိုလျှင်၊ မှန်မှန်စီးနေရမည့် အနေ အထားက မှန်မှန်ကန်ကန် မစီးတော့လျှင်တော့ ဆွေးမြေ့ပုတ်သိုးသွားတတ်သလို အချင်းချင်းကြား မပြေလည်မှုတွေ၊ ပဋိပက္ခ တွေလည်း တိုးပွားလာမှာပါ။ ဒီလိုဆိုလျှင်တော့ လူသားတွေ မျှော်မှန်းကြတဲ့ ငြိမ်းချမ်းရေး ရဖို့ဆိုတာလည်း ဘယ်မှာလာလို့ မျှော်လင့်နိုင်ပါ့မလဲ။

တချို့ကလည်း ကိုယ်ကပြည့်စုံကောင်းစားနေလေတော့ ကိုယ့်ရဲ့ပြည့်စုံနေတဲ့ အနေအထားလေး ဆုံးရှုံးပျက်စီးသွားမှာ စိုးတာ ကြောင့် လက်ရှိအနေအထားကနေ မပြောင်းလဲစေချင်ကြပါဘူး။ သို့ပေမယ့် ကိုယ့်ပတ်ဝန်းကျင်မှာ ရှိနေတဲ့သူတွေရဲ့ အနေထား ကရော ကိုယ့်လိုပဲ ပြည့်စုံနေကြပါသလား။ သူတို့တတွေရဲ့ အခြေအနေက ဘယ်လိုဖြစ်နေပါသလဲ။ စောင့်ငဲ့ပြီး ကြည့်သင့်ပါ တယ်။ ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင် သေးသေးကွက်ကွက်လေး လိုတရ ကောင်းစားပြည့်ဝပြီး ငြိမ်းချမ်းမှုရနေလို့ ဒီအခြေအနေ က ကောင်းနေတာပဲလို့ မဆိုသင့်ပါဘူး။ မျှတမှု မရှိတဲ့ ငြိမ်းချမ်းမှုဆိုတာ ဘယ်တော့မှ တာရှည် မခံနိုင်ပါဘူး။ အမေရိကန်သမ္မ တ ဝုဒရိုး ဝီလ်ဆင်ကတော့ "သာတူ ညီမျှရှိတဲ့ ငြိမ်းချမ်းရေးသာ တာရှည်ခံမယ်" တဲ့။ ဒီလိုဆိုလျှင် သာတူညီမျှ မရှိတဲ့ လူမှု အဖွဲ့အစည်းမှာ ကိုယ့်ပတ်ဝန်းကျင် ကျဉ်းကျဉ်းလေးလောက်သာ ကောင်းစားပြည့်ဝနေရုံမျှနဲ့ တကယ်ရော တာရှည်လုံခြုံ စိတ် ချရပါ့မလား။ စဉ်းစားစရာပါ။

လွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ခုဟာ ဆင်းရဲသားအများစုကို ဆင်းရဲတွင်းကလွတ်အောင် မကယ်တယ်နိုင်ဘူးဆိုလျှင်ဖြင့် ချမ်းသာတဲ့ လူနည်းစုကိုလည်း လုံခြုံအောင် စောင့်ရှောက်နိုင်မယ် မဟုတ်ပါဘူး။ လူ့အဖွဲ့အစည်းတစ်ခုမှာ မပြည့်စုံသူ ၊ မလောက်င မလုံခြုံသူတွေ များနေတယ်ဆိုလျှင်ဖြင့် ထာဝရငြိမ်းချမ်းမှုဆိုတာ မရှိနိုင်ပါဘူး။ တကယ်တမ်း လူသားဆန်တဲ့လူ၊ မြင့်မြတ်တဲ့ မဟာလူသားဆိုတာက “ကိုယ်ပိုင်ဆိုင်တဲ့အရာကို အများတကာနဲ့ မျှဝေခံစားတတ်သူကို ဆိုလိုတာပါ။ အများပိုင်တဲ့ အရာကို ကိုယ်ပိုင်ဥစ္စာဖြစ်လာစေဖို့ အားထုတ်ကြိုးပမ်းသူကို မဆိုလိုပါဘူး”။ သို့ပေမယ့် ကမ္ဘာလောကကြီးမှာက အများဆိုင်တဲ့အရာကို ကိုယ်ပိုင်ဖြစ်အောင်ပြုလုပ်တတ်သူမျိုးကိုပဲ လူစွမ်းကောင်းရယ်လို့ ထင်မြင်နေတတ်သူတွေကလည်း မနည်းလှပါဘူး။ ဒီလိုသူတွေကို စံပြုပြီး အတုယူနေသူတွေလည်း အများအပြားပါပဲ။

ငြိမ်းချမ်းရေးဆိုတာကို လူတိုင်းလူတိုင်းက မြတ်နိုးနှစ်သက်ကြစမြဲ မဟုတ်လား။ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များအားလုံးကလည်း ငြိမ်းချမ်းရေးအတွက် သူတို့တွေ လုပ်ကိုင်နေကြတာပါလို့ ဆိုကြစမြဲပါပဲ။ ဘယ်သူတစ်ဦးတစ်ယောက်ကမှ ငြိမ်းချမ်းရေးကို ဖျက်ဆီးဖို့ရည်ရွယ်ပါတယ်ဆိုတာမျိုး မရှိပါဘူး။ သို့ပေမယ့် သူတို့တွေရဲ့ အပြုအမူတွေ၊ အပြောအဆိုတွေက ငြိမ်းချမ်းရေးနဲ့ ဆန့်ကျင်ဘက်ဆီကိုသာ ဦးတည်နေတာကို တွေ့တွေ့နေရပါတယ်။ အပြုအမူနဲ့ အပြောအဆိုဆိုတာက အတွေးအခေါ်အကြံအစည်တွေက သန္ဓေတည်လာတာပါ။ ဒါကြောင့် ငြိမ်းချမ်းရေးကို တကယ်ဆောင်ကြဉ်းလိုပါတယ် ဆိုလျှင်ဖြင့် ငြိမ်းချမ်းရေးနဲ့ ဖီလာကန့်လန့်ဖြစ်တဲ့ အရာတွေကို နှစ်လုံးသားနဲ့ ဦးနှောက်ထဲကနေ ဖယ်ထုတ်ကြမှ ဖြစ်မှာပါ။ သို့ပေမယ့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နေပါတယ်ဆိုတဲ့သူတို့ရဲ့ ဦးနှောက်ထဲမှာက ငြိမ်းချမ်းမှုနဲ့ ဖီလာကန့်လန့်ဖြစ်စေတဲ့ အတွေးအခေါ်များ၊ စွဲလမ်းယုံကြည်မှုများက ပြည့်လျှမ်းလျက်သာပါ။ ငြိမ်းချမ်းရေးကို အမှန်မလိုလားပါပဲ ငြိမ်းချမ်းရေးစကားကို ပြောသူတွေက များနေပါတယ်။ ငြိမ်းချမ်းရေးနဲ့အတူ ပူးတွဲရှိရမည့် လွတ်လပ်မှုဆိုတာကို ခွင့်မပြုလိုကြပါဘူး။ ကိုယ်သာ လွတ်လပ်လိုပေမယ့် သူများတွေလွတ်လပ်မှာကိုတော့ အလိုမရှိကြပါဘူး။ တကယ်တော့ ငြိမ်းချမ်းရေးနဲ့ လွတ်လပ်မှုကို ခွဲခြားထားလို့ မရနိုင်ပါဘူး။ လွတ်လပ်မှုမရှိပဲ ဘယ်လိုမှ ငြိမ်းချမ်းမှု ဆိုတာ မဖြစ်နိုင်ပါဘူး။

ညီရင်းအကိုတွေလိုဖြစ်ချင်တယ်ဆိုလျှင်ဖြင့် သင့်လက်ထဲက လူသတ်လက်နက်တွေကို စွန့်လွှတ်လိုက်ပါ၊ ရန်ပြုနိုင်တဲ့ လက်နက်တွေကိုင်ထားပြီး ဘယ်သူမှတစ်ဦး တစ်ယောက်မှ ချစ်ခြင်းမေတ္တာစစ်ကို ဖော်ဆောင်နိုင်မယ် မဟုတ်ပါဘူး၊ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ဆိုတဲ့ စေ့စပ်မှုမျိုးဆိုတာ ယဉ်ကျေးမှုထွန်းကားတဲ့ လူ့အဖွဲ့အစည်းကြားမှာ ရှိသင့်တဲ့အရာမျိုး မဟုတ်ပါဘူး။

တစ်ခုခုကိုလုပ်ရာမှာ ကိုယ့်အတွက် အကျိုးအမြတ်ကို မျှော်ကိုးပြီး လုပ်တာမျိုးရှိသလို ဘာမျှော်လင့်ချက်မှ မရှိပဲ လုပ်သင့်လို့ လုပ်တာမျိုးလည်း ရှိပါတယ်။ ဒီနေ့ကမ္ဘာမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို တကယ်တမ်းပြေလည်အောင် ဖြေရှင်းဖို့ဆိုလျှင်ဖြင့် ပြဿနာကို ပြေလည်သွားစေဖို့ ဖြေရှင်းကြဖို့လိုပါတယ်။ ဒီဖြေရှင်းမှုကနေ ငါ့အတွက် ဘာအကျိုးရလာဒ်တွေ ရလိမ့်မလဲလို့ မျှော်လင့်မှုမျိုးနဲ့ မဖြေရှင်းသင့်ပါဘူး။ မျှော်လင့်မှုတွေ အားကြီးလွန်းလျှင်ဖြင့် တကယ့်ပြဿနာရဲ့ အဖြေထက် ကိုယ့်အတွက် အကျိုးရှိရေးကိုသာ ရှေးရှုတွေးခေါ်မှု ဖြစ်စေနိုင်ပါတယ်။ ပြဿနာ ပြေလည်ရေးနည်းလမ်းကို တွေ့တာတောင်မှပဲ ဒီနည်းလမ်းမျိုးကို မသုံးလိုပါဘူး။ ငြိမ်းချမ်းစွာ စေ့စပ်ဆွေးနွေး အဖြေရှာရေးအစား အာဏာနဲ့ လက်နက်နဲ့ ဖြေရှင်းကိုသာ ဦးစားပေးစဉ်းစားတတ်ကြပါတယ်။ နောက်ဆက်တွဲအဖြစ် အာဏာခိုင်မြဲရေး၊ လက်နက်တိုးပွား ရေးကိုပဲ အားထုတ်လာတတ်ကြပါတယ်။ သမ္မတ အိုက်စင်ဟောင်ဝါ ပြောခဲ့ဘူးသလို “ကျနော်တို့တတွေ ကမ္ဘာကြီးတစ်ခု လုံးနဲ့ တကယ့်ကိုပဲ အမှန်တကယ်သာ ငြိမ်းငြိမ်းချမ်းချမ်းနေလိုတယ်။ သူတို့တွေနဲ့ အပြန် အလှန်ဆက်ဆံလိုတယ်၊ ရင်းရင်း နှီးနှီးနေလိုတယ်၊ ကျနော်တို့ယဉ်ကျေးမှုတွေကို သူတို့ကလေ့လာ၊ သူတို့ယဉ်ကျေးမှုတွေကိုလည်း ကျနော်တို့ကလေ့လာပြီး ချစ်ချစ်ခင်ခင် ဖြစ်ချင်ကြတယ် ဆိုလျှင်ဖြင့် ကျနော်တို့ရဲ့ ဖွံ့လုံ့လနဲ့ထုတ်လုပ်ထားတဲ့ အကျိုး ရလဒ်တွေကို ကျနော်တို့ရဲ့ စာသင်ကျောင်းတွေ၊ ကျနော်တို့ရဲ့ လမ်းတွေ၊ ကျနော်တို့ကိုကို သွန်သင်ဆုံးမပေးတဲ့ ဘုရားရှိခိုး ကျောင်းတွေအတွက် သုံးနိုင်ကြပါတယ်။ လူသတ်လက်နက်တွေ၊ တင့်ကားတွေ၊ စစ်သင်္ဘောတွေအတွက် မသုံးသင့်ပါဘူး” ဆိုသလို သယံဇာတ အရင်းအမြစ်တွေ၊ လူသားတွေရဲ့ လုပ်အားတွေကို ကောင်းကျိုးပြုလုပ်ငန်းများအတွက်သာ သုံးသင့်ပါတယ်။ အဖျက်လုပ်ရပ်များအတွက် အလွန်အကျွံ မသုံးစွဲသင့်ပါဘူး။

“ငြိမ်းချမ်းမှုကို လိုလားတယ်ဆိုရင်ဖြင့် ကိုယ့်မိတ်ဆွေများနဲ့ ဆွေးနွေးပြောဆိုရမှာ မဟုတ်ဘူး၊ ကိုယ့်ရန်သူနဲ့ ပြောဆိုဆွေးနွေးဖို့လိုတယ်”။ မငြိမ်းချမ်းမှုတွေ၊ သဘောမတူမှုတွေဆိုတာက မိတ်ဆွေအချင်းချင်းကြား၊ သဘောတူသူအချင်းချင်းကြား ပေါ်ပေါက်လာတာက အနည်းသား။ အလိုဆန္ဒ မတူသူတွေ၊ ကိုယ့်ရန်သူတွေနဲ့သာ အဖြစ်များ မဟုတ်လား။ ဒီတော့ ပြဿနာတွေ အမှန်ပြေပျောက်စေဖို့က ကိုယ်နဲ့သဘောထားမတိုက်ဆိုင်နဲ့သူတွေ၊ ကိုယ့်ရန်သူတွေနဲ့သာ အဓိကဆွေးနွေးညှိနှိုင်းဖို့ လိုတာ

ပေ့ါ။ ဒါကိုပဲ ကိုယ်နဲ့သဘောမတူသူမို့ မဆွေးနွေးနိုင်ဘူး။ ကိုယ့်ရန်သူမို့ မညှိနှိုင်းနိုင်ဘူးဆိုပြီး တင်းခံငြင်းဆန်နေမယ်ဆိုလျှင်တော့ ဘယ်တော့မှ ငြိမ်းချမ်းရေးဆိုတာကို ရနိုင်မယ် မဟုတ်ပါဘူး။ သဘောထားကြီးမြတ်ခြင်းဆိုတာက ကိုယ်လက်ခံသဘောတူဖို့ ခက်ခဲတဲ့အရာကို အများအကျိုးများရေးအတွက်ဆိုလျှင်ဖြင့် သဘောတူလက်ခံပေးနိုင်တဲ့စွမ်းရည်ရှိခြင်းကိုဆိုလိုတာပါ။ ကိုယ်လိုချင်တဲ့အရာကို အများသဘောမတူတဲ့ကြားက ရယူနိုင်ခြင်းမျိုး မဟုတ်ပါဘူး။ လူ့ယဉ်ကျေးမှုတွေထွန်းကားလာခြင်း ကိုယ်က ကိုယ်လိုချင်တာကို မတရားရယူနိုင်မှုကို အခြေခံတာမဟုတ်ပဲ အများသဘောတူညီမှုနောက်ကို ကိုယ့်လိုအပ်မှုကပြောင်းလဲလက်ခံတတ်ခြင်းကို အခြေခံခဲ့တာပါ။ အတူတကွ ငြိမ်းချမ်းစွာ ရပ်တည်ရှင်ထိုင်နိုင်ဖို့ အချင်းချင်းတွေကြား အပြန်အလှန် ပိုမိုနားလည်မှုတွေရှိရပါမယ်။

“ငြိမ်းချမ်းတဲ့နည်းနဲ့ ပြောင်းလဲမှုကို လက်မခံဘူးဆိုလျှင်ဖြင့် အကြမ်းဖက်နည်းနဲ့ ပြောင်းလဲမှုကို ရှောင်လွှဲလို့ ရနိုင်မယ် မဟုတ်ပါဘူး”။

သက်ရှိမျိုးနွယ်စုတွေထဲမှာ လူသားတွေဆိုတာ အသိဉာဏ်အမြင့်ဆုံးသူတွေလို့ ကိုယ့်ကိုယ်ကို ခံယူထားကြတယ် မဟုတ်လား။ စကြာဝဠာကြီးတစ်ခုလုံးကို စူးစမ်းလေ့လာဖို့အထိ မျှော်လင့်ထားကြတယ် မဟုတ်လား။ ဒီလိုအသိဉာဏ်မြင့်လူသားတွေက ကိုယ့်လောက်မှ အသိဉာဏ်အဆင့်မမြင့်တဲ့ တိရစ္ဆာန်တွေရဲ့ အမူအကျင့်လောက်မှ မကျင့်နိုင်ကြတော့ဘူးလား။ ကိုယ့်စိတ်ဓာတ်တွေကို မြှင့်တင် မထားနိုင်ကြတော့ဘူးလား။ စဉ်းစားကြည့်လျှင် အလွန် ဝမ်းနည်းဖွယ် ကောင်းလှပါတယ်။ လူတော် လူကောင်းတစ်ယောက်ဘဝရဲ့ အကောင်းဆုံး အစိတ်အပိုင်းဆိုတာက ချစ်ခြင်းမေတ္တာတရားနဲ့ယှဉ်ပြီး ပြုလုပ်ခဲ့တဲ့ ထုတ်ဖော်ပြောပြဖို့ခက်ခဲတဲ့ သေးသေးငယ်ငယ်လေးတွေပဲဖြစ်ပါတယ်။

အချင်းချင်းတွေကြားမှာ မေတ္တာတရားတွေထားကာ ဘယ်လိုပြဿနာပဲဖြစ်ဖြစ် ငြိမ်းချမ်းစွာ အဖြေရှာကြဖို့ လိုပါတယ်။ ကောင်းတဲ့အရာမှန်သမျှ ဘယ်တော့မှ အကြမ်းဖက်မှုကနေ ထွက်ပေါ်မလာနိုင်ပါဘူး။ ဆန္ဒသာ တကယ်ရှိလျှင် နည်းလမ်းဆိုတာရှိနိုင်ပါတယ်။တစ်စုံတစ်ခုကို အမှန်တကယ်လုပ်လိုလျှင်ဖြင့် ဘယ်လိုလုပ်ရမည်ဆိုတဲ့ နည်းလမ်းကိုလည်း ရှာတွေ့ပါလိမ့်မယ်။ ဆန္ဒတွေ ပြောင်းကြရအောင်လား။ ဘာဖြစ်လို့ အလုပ်မဖြစ်တဲ့နည်းလမ်းတွေကို အသေစွဲကိုင်ထားချင်ပါသလဲ။

လောဘ၊ဒေါသ၊မောဟ၊အတ္တ၊ မာန်မာန တွေပြည့်နှက်နေလို့ ပူလောင်နေတဲ့ဦးနှောက်နဲ့ ဉာဏ်တာထောက်ထားမှု၊ ရိုင်းပင်းကူညီမှု၊ မျှဝေခံစားလိုမှုကင်းတဲ့ မာကြော အေးစက်တဲ့နှစ်လုံးသားတွေနဲ့တော့ ဘယ်သောအခါမှာမှ၊ ဘယ်လိုပြဿနာကိုမှ ဖြေရှင်းနိုင်မယ် မဟုတ်ပါဘူး။ မြတ်စွာဗုဒ္ဓ မိန့်ကြားသလိုပါပဲ။ တကယ်တော့ ဒေါသတရားဆိုတာက သူများကိုပစ်ပေါက်ဖို့ ဆိုပြီး ဆုပ်ကိုင်လိုက်တဲ့ သံပူခဲလို သူများကို မပစ်မီမှာ ကိုယ့်ကိုယ် အလျင် လောင်စေတတ်တာမျိုးပါ။

ယုံကြည်အားကိုးမှု၊ လေးစားကြည်ညိုမှုဆိုတာ အာဏာနဲ့သိမ်းသွင်းလို့မရသလို ဥစ္စာနေနဲ့လည်း ဖြားယောင်းဆွဲငင်လို့ မရနိုင်ပါဘူး။ အများကောင်းကျိုးကို စေတနာသန့်သန့်နဲ့ ဘယ်လောက်ဆောင်ရွက်တယ်၊ အများသူငါအပေါ်မှာ ဘယ်လောက် စာနာ နားလည်တယ်ဆိုတာတွေကို အပြောနဲ့ သက်သေပြလို့ မပြည့်စုံနိုင်ပါဘူး။ လက်တွေ့လုပ်ရပ်များ၊ စွန့်လွှတ်အနစ်နာခံမှုများနဲ့သာ ပြကြရမှာပါ။

ငြိမ်းချမ်းမှု မရနိုင်ဖြစ်နေကြတာဟာ အချင်းချင်း မှီတင်းဆက်စပ်ပြီး နေနေကြတယ်ဆို တာကို မေ့ထားကြလို့ပဲ ဖြစ်ပါတယ်။ တကယ်တော့လည်း အဖြူ အမဲ၊ ယောက်ျား မိန်းမ၊ အကြီးအငယ်၊ အုပ်ချုပ်သူ၊ အုပ်ချုပ်ခံရယ်လို့ အမည်နာမ သတ်မှတ်ချက်အရ ခွဲခြားသတ်မှတ်လို့ရနိုင်ပေမယ့် သဘာဝတရားတွေအပေါ်မှာ မှီခိုရပ်တည်နေရမှုပုံစံကတော့ တစ်ခုတည်းသာဖြစ်ပါတယ်။ ကမ္ဘာ့ကပ်ဆိုးများနဲ့ ကြုံဆုံရတဲ့အခါမျိုးမှာလည်း အတူတူပဲ မျှဝေခံစားကြရတတ်တာပါပဲ။ ဒီတော့ ပြောချင်တာက ငြိမ်းချမ်းမှုကို လိုလားပါတယ်ဆိုတဲ့ ကမ္ဘာ့ခေါင်းဆောင်ဆိုသူတွေနဲ့၊ တိုင်းပြည်ကို ချစ်မြတ်နိုးလှပါတယ်၊ ကျနော်တို့က တိုင်းပြည်ကို ကာကွယ်နေပါတယ်၊ ကယ်တင်နေပါတယ်ဆိုသူတွေအနေနဲ့ အပြောထက် အလုပ်နဲ့သာ သက်သေပြဖို့လိုပါတယ်။ ကိုယ့်တိုင်းပြည်လေး အေးဆေးနေရုံမျှ၊ ကိုယ့်အိမ်တံခါလေး လုံခြုံရုံမျှနဲ့ တကယ့် ငြိမ်းချမ်းမှုအစစ် မဖြစ်နိုင်သေးဘူးဆိုတာကို နားလည်ကြဖို့ လိုပါလိမ့်မယ်။

အရှင်ဉာဏိက
Oct 4, 2007